ADVISORY COMMISSION ON
RAKHINE STATE

# ရခိုင်ပြည်နယ် ဆိုင်ရာ အကြံပေး ကော်မရှင် ဥက္ကဋ္ဌ ကိုဖီအာနန်၏ မိန့်ခွန်း

## – သတင်းစာရှင်းလင်းပွဲ –

၂၀၁၇ ခုနှစ်၊ သြဂုတ်လ ၂၄ ရက်၊ ကြာသပတေးနေ့။

မင်္ဂလာနေ့လည်ခင်းပါ

ကျွန်တော်တို့ ဒီနေ့ပဲ နေပြည်တော်ကနေ ပြန်လာတာ ဖြစ်ပြီး ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေး ကော်မရှင်၏ အပြီးသတ် အစီရင်ခံစာကို မြန်မာနိုင်ငံ၏ သမ္မတနှင့် အတိုင်ပင်ခံ ပုဂ္ဂိုလ်တို့ထံ တင်သွင်းလိုက်ပြီ ဖြစ်ပါတယ်။

တပ်မတော် ကာကွယ်ရေး ဦးစီးချုပ်၊ လွှတ်တော်အမတ်များနှင့် ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်ရေး အကောင်အထည်ဖော်ရေး ဗဟိုကော်မတီဝင်များနဲ့လည်း ကျွန်တော်တို့ တွေ့ဆုံခဲ့ပါသည်။

လွန်ခဲ့တဲ့ ၁၂ လတာ ကာလအတွင်း ကော်မရှင်ရဲ့ တွေ့ရှိချက်နဲ့ အကြံပြုချက်များကို ပြင်ဆင်ရာမှာ ကျွန်တော်အပါအဝင် ကော်မရှင် အဖွဲ့ဝင်များ အားလုံးဟာ ဆွေးနွေးမှုတွေ ကျယ်ပြန့်စွာ ပြုလုပ်ခဲ့ပါတယ်။

နိုင်ငံရေးနဲ့ ဘာသာရေး နယ်ပယ်က ခေါင်းဆောင်များ၊ အရပ်ဘက် လူ့အဖွဲ့အစည်းများနဲ့ ရခိုင်ပြည်နယ် တဝန်းက ဒေသခံ အသိုင်းအဝိုင်းများနဲ့လည်း ကျွန်တော်တို့ တွေ့ဆုံဆွေးနွေးခဲ့ပါတယ်။

ပြည်ထောင်စုဝန်ကြီးများ၊ ရခိုင်ပြည်နယ်မှ အစိုးရ အဖွဲ့ဝင်များ၊ ဘာသာရေး အဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနဲ့ မြန်မာနိုင်ငံရဲ့ နိုင်ငံတကာနဲ့ ဒေသတွင်းက မိတ်ဖက်များ အပြင် ကျွမ်းကျင်ပညာရှင်များနဲ့လည်း တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်ခဲ့ပါတယ်။

ကော်မရှင်ရဲ့ အပြီးသတ် အစီရင်ခံစာမှာ ပါဝင်တဲ့ အကြံပြုချက်များဟာ ထိုတွေ့ဆုံဆွေးနွေးမှုများမှ ရရှိတဲ့ အချက်အလက်များကို အခြေခံပြီး ရေးသားထားခြင်း ဖြစ်ပါတယ်။

နိုင်ငံတော် အတိုင်ပင်ခံ ပုဂ္ဂိုလ်က ကော်မရှင်ကို ၂၀၁၆ ခုနှစ်မှာ စတင်ဖွဲ့စည်းလိုက်ခြင်းဟာ ရခိုင်ပြည်နယ်ရဲ့ အခြေအနေဟာ ရှေ့ဆက်လို့ မရတော့တာကို ပွင့်ပွင့်လင်းလင်း အသိအမှတ်ပြုလိုက်တာ ဖြစ်ပါတယ်။ ဒါကြောင့် အကြမ်းဖက်မှု၊ ဆင်းရဲနွမ်းပါးနဲ့ အစွန်းရောက် လှုပ်ရှားမှုများ သံသရာ လည်ဖြစ်ပွားနေခြင်းကို အဆုံးသတ်ရန် အတွက် စိတ်ကူးစိတ်သန်း အသစ်တွေ၊ ချဉ်းကပ်ပုံအသစ်တွေဟာ အရေးတကြီး လိုအပ်လာပါတယ်။

၂၀၁၆ ခုနှစ်၊ အောက်တိုဘာလက ရခိုင်ပြည်နယ် မြောက်ပိုင်းမှာ ဖြစ်ပွားခဲ့တဲ့ လုံခြုံရေး တပ်ဖွဲ့ဝင်တွေ အပေါ် တိုက်ခိုက်မှုဟာ ကျွန်တော်တို့ တာဝန်ယူ လုပ်ဆောင်ရတဲ့ လုပ်ငန်းရဲ့အရေးကြီးမှုကို ညွှန်ပြနေသလို ကျွန်တော်တို့ လုပ်ငန်းစဉ်ကိုလည်း ပိုပြီး ရှုပ်ထွေး လာစေခဲ့ပါသည်။

အဲဒီအခြေအနေကြောင့်လည်း ရခိုင်ပြည်နယ်ရဲ့အနာဂတ် အလားအလာတွေကို အန္တရာယ်ပြု ပျက်စီးစေနိုင်တဲ့ မတည်မငြိမ်ဖြစ်မှုနဲ့ လုံခြုံမှု မရှိခြင်းတို့အတွက် ရေရှည်တ ည်တံ့ခိုင်မြဲတဲ့အဖြေများကို ရှာသွားမယ် ဆိုတဲ့ ကျွန်တော်တို့ ကော်မရှင်က ချမှတ်ထားတဲ့ သန္နိဋ္ဌာန်ကို ပိုပြီး ခိုင်မာစေခဲ့ပါတယ်။

တင်းမာမှုများ ပိုမို မြင့်မားလာနေပြီး သို့သော်လည်းပဲ အဲဒီအခြေအနေအတိုင်း ဆက်လက် မဖြစ်သင့်တော့ပါ။

ဒီအခြေအနေမှာ အစိုးရအနေနဲ့ ကျွန်တော်တို့ မတ်လက ထုတ်ခဲ့တဲ့ ကြားဖြတ်အစီရင်ခံစာပါ အကြံပြုချက်များကို အကောင်အထည်ဖော်ဖို့ ကနဦး ခြေလှမ်းတွေ စနေတာကို ကျွန်တော်အနေနဲ့ ကြိုဆိုပါတယ်။

လုပ်ငန်းများကို အကောင်အထည်ဖော်ရာမှာ ရခိုင်ပြည်နယ်မှာ လက်ရှိ ခံစားနေရတဲ့ စိုးရိမ်ပူပန်မှုများကို လျှော့ပါးသွားစေရန် အရှိန်မြှင့် ဆောင်ရွက်သင့်ပါတယ်။

ကျွန်တော်တို့ရဲ့အပြီးသတ် အကြံပြုချက်များကို ပြုစုတဲ့အခါ ကျွန်တော်တို့ သိရှိ နားလည်ရန် လိုအပ်မည့် ကိစ္စများနဲ့ ပတ်သက်ပြီး ရှင်းလင်းပြောပြချက်များကို နားထောင်ခြင်းနဲ့ သင်ယူခြင်း၊ ကျွန်တော်တို့ရဲ့ လုပ်ပိုင်ခွင့်နှင့် တာဝန်များကို ဘက်လိုက်မှုမရှိဘဲ ဆောင်ရွက်ခြင်းနဲ့ ကောင်းမွန်သော အနာဂတ်တစ်ခု ပေါ်ထွက်လာရေးကို အာရုံထား လုပ်ဆောင်ခြင်းတို့ ပြုလုပ်ခဲ့ပါတယ်။

သို့သော်လည်း ရေရှည်တည်တံ့သည့် အဖြေများ ရှာဖွေရန် လိုအပ်သည်ဟူသည့် အခြေခံသဘောထားနဲ့ အကောင်အထည်ဖော်ခဲ့မယ် ဆိုရင် ကြားဖြတ်အစီရင်ခံစာက အကြံပြုချက်များအပါအဝင် ကျွန်တော်တို့ရဲ့ အကြံပြုချက်တွေဟာ ရခိုင်ပြည်နယ်မှာ ရေရှည်တည်တံ့တဲ့ ငြိမ်းချမ်းရေး ရရှိနိုင်မယ့် လမ်းကြောင်းပေါ်သို့ ပို့ဆောင်ပေးနိုင်မယ်လို့ ကျွန်တော် ခိုင်ခိုင်မာမာ ယုံကြည်ပါတယ်။

ကျွန်တော်တို့ရဲ့အစီရင်ခံစာပါ အကြံပြုချက် အချို့ကို အကျဉ်းချုပ် ရှင်းပြလိုပါတယ်။

ပထမဦးဆုံး ကျွန်တော်တို့ရဲ့အကြံပြုချက်များမှာ မရှိမဖြစ် လိုအပ်တဲ့ အခြေခံ ဝန်ဆောင်မှုများ အကန့်အသတ်နဲ့ ရရှိနေမှုများ အပါအဝင် ပြည်နယ်တွင်း လူမှုစီးပွားဖွံ့ဖြိုးမှု နိမ့်ကျနေမှုများကို ထည့်သွင်း အကြံပြုထားပါတယ်။ ဆင်းရဲနွမ်းပါးမှုသည် နေရာတိုင်းလိုလိုမှာ ရှိနေပြီး လူတိုင်းအတွက် ပိုမိုကောင်းမွန်တဲ့ ဘဝရရှိရေး မျှော်လင့်ချက်ကို လျော့ပါးစေပါတယ်။

ကျွန်တော်တို့ရဲ့အကြံပြုချက်များမှာ လိုအပ်သည့် စိစစ်ရေးကတ်များ မရှိခြင်းနှင့် လွတ်လပ်စွာ ခရီးသွားလာနိုင်မှု မရှိခြင်းတို့ကြောင့် မိမိကိုယ်ကို ကာကွယ်နိုင်စွမ်းမရှိဟု ခံစားနေရသည့် မွတ်ဆလင် လူဦးရေတို့၏ မကျေနပ်မှုများကိုလည်း ထည့်သွင်းရေးသားထားပါသည်။

ဒါကြောင့် နိုင်ငံသား စိစစ်ရေး လုပ်ငန်းစဉ်၊ အထောက်အထား စာရွက်စာတမ်း ကိစ္စရပ်နဲ့ လူသားတိုင်း ဥပဒေ၏ ရှေ့မှောက်တွင် အခွင့်အရေးများနှင့် တန်းတူညီမျှမှု ရပိုင်ခွင့် တို့နဲ့ ပတ်သက်တဲ့ ကိစ္စရပ်များကို အရေးယူဆောင်ရွက်နိုင်မယ့် ရည်မှန်းချက်ကြီးတဲ့ အဆင့်များကို တင်ပြထားခြင်း ဖြစ်ပါတယ်။

မွတ်ဆလင် အသိုင်းအဝိုင်းအနေနဲ့ နိုင်ငံသား စိစစ်ရေး လုပ်ငန်းစဉ်နှင့် ပတ်သက်ပြီး ဥပဒေနဲ့ညီတဲ့ စိုးရိမ်ချက်တွေ ရှိပေမယ့် ထိုစိုးရိမ်ချက်များကို အစိုးရနှင့် အတူ ပူးပေါင်းဆောင်ရွက် ဖြေရှင်းဖို့ ကျွန်တော်အနေနဲ့ တောင်းဆိုလိုပါတယ်။

ကျွန်တော်တို့ရဲ့နိုင်ငံသား ဖြစ်မှုနဲ့ လွတ်လပ်စွာ သွားလာခွင့် ကိစ္စရပ်များနဲ့ ပတ်သက်တဲ့ အကြံပြုချက်များဟာ ရခိုင်ပြည်သူလူထုက စိုးရိမ်နေမှုများ ရှိတယ်ဆိုတာ ကျွန်တော်တို့ ကောင်းစွာ သိရှိထားပါတယ်။

သို့သော်လည်းပဲ ကော်မရှင်အနေနဲ့ အဲလို ထိလွယ်ရှလွယ်တဲ့ ကိစ္စရပ်များကို ကိုင်တွယ်ဖို့ ရွေးချယ်လိုက်ပါတယ်။ ဘာကြောင့်လဲ ဆိုတော့ သူတို့ကို ချန်ရစ်ထားခဲ့မယ် ဆိုရင် ရခိုင်ပြည်နယ်ရဲ့အနာဂတ်၊ တကယ်တော့ မြန်မာတစ်နိုင်ငံလုံးရဲ့အနာဂတ်ဟာ နောက်ပြန်လှည့်လို့ မရတဲ့ ပျက်စီးဆုံးရှုံးမှုတွေ ကြုံတွေ့နိုင်မယ်လို့ ကျွန်တော်တို့ အနေနဲ့ ယုံကြည်လို့ ဖြစ်ပါတယ်။

ဒီအကြောင်းရင်းကြောင့် ကျွန်တော်တို့အနေနဲ့ ရခိုင်ပြည်နယ်အတွင်းက လူ့အဖွဲ့အစည်းများကြား တင်းမာမှု လျော့ချနိုင်ဖို့ လူ့အဖွဲ့အစည်းများ အကြား အပြန်အလှန်ဆွေးနွေးဖို့နဲ့ ပြန်လည် သင့်မြတ်မှုကို တိုးမြှင့်နိုင်မယ့် အကြံပြုချက်များစွာ ပြုလုပ် ပေးထားပါတယ်။ ဒေသခံ လူ့အဖွဲ့အစည်းများနဲ့ ပြည်နယ်အစိုးရ၊ ဗဟိုအစိုးရများအကြား ပူးပေါင်းဆောင်ရွက်မှု ခိုင်မာစေရေးကို ရည်ရွယ်ပြီးလည်း အကြံပြုထားပါတယ်။

ဒါဟာ ရခိုင်များနဲ့ မွတ်ဆလင်များအတွက် ညီတူညီမျှ အရေးပါတဲ့ အဆင့်ဖြစ်ပါတယ်။ ဒီလိုမှသာ သူတို့တွေရဲ့ ဘဝကို ကာလရှည်ကြာ ထိခိုက်နေတဲ့ စိတ်ပျက်အားငယ်မှု နဲ့ အကြမ်းဖက်မှုတွေ ဖြစ်ဖို့ ဦးတည်စေတဲ့ ရန်လိုစိတ်များကို ဖယ်ရှားနိုင်မှာ ဖြစ်ပါတယ်။

အစီရင်ခံစာမှာ မူးယစ်ဆေးဝါး တရားမဝင် ရောင်းဝယ်ခြင်း အပါအဝင် နယ်စပ်လုံခြုံရေးနဲ့ ဘင်္ဂလားဒေ့ရှ် နိုင်ငံနဲ့ ဆက်ဆံရေး တို့နဲ့ ပတ်သက်ပြီးတော့လည်း အကြံပြုချက်များ ပေးထားပါတယ်။

နှစ်နိုင်ငံလုံးရဲ့ လုံခြုံရေးနဲ့ စီးပွားရေး အလားအလာများဟာ ပိုမိုကောင်းမွန်တဲ့ ဆက်ဆံရေးနဲ့ ပူးပေါင်းဆောင်ရွက်မှု ရှိမှသာ အကျိုးရှိမှာ ဖြစ်ပါတယ်။

ကျွန်တော်တို့ရဲ့ အပြီးသတ်အစီရင်ခံစာကို တင်သွင်းခြင်းနဲ့ အတူ ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်ရဲ့ တာဝန် ဝတ္တရားလည်း ပြီးဆုံးပြီ ဖြစ်ပါတယ်။

အစီရင်ခံစာပါ အကြံပြုချက်များကို အကောင်အထည်ဖော်ဆောင်သွားရန်မှာ မြန်မာနိုင်ငံရှိ သက်ဆိုင်ရာ ခေါင်းဆောင်များ၊ အဖွဲ့အစည်းများ၊ ပြည်သူများ၊ ပြည်ထောင်စု အစိုးရနှင့် ရခိုင်ပြည်နယ် အစိုးရ၊ ပြည်ထောင်စုနှင့် ပြည်နယ် အဆင့်ရှိ လွှတ်တော်များ၊ ဘာသာရေးနှင့် လူ့အဖွဲ့အစည်း ခေါင်းဆောင်များနှင့်

၎င်းတို့ အားလုံး အပြင် ရခိုင်ပြည်နယ်အတွင်းရှိ ပြည်သူတို့၏ တာဝန်ဖြစ်ပါတယ်။

ကျွန်တော်တို့ အနေနဲ့ အစိုးရအား အကောင်အထည်ဖော်ဆောင်သည့် လုပ်ငန်းများကို လွယ်ကူချောမွေ့စွာ အကောင်အထည် ဖော်ဆောင်နိုင်ရေးနဲ့ လုပ်ငန်း အကောင်အထည်ဖော်မှု အခြေအနေကို စောင့်ကြည့်နိုင်ဖို့ လိုအပ်တဲ့ ယန္တယားကို ဖော်ဆောင်သွားရန် အကြံပြုထားပါတယ်။

ပြည်ထောင်စု အဆင့်မှ လမ်းညွှန်ချက်များဟာ ပြည်နယ် အဆင့်ရှိ အစိုးရ တာဝန်ရှိသူများနဲ့ လုံခြုံရေး ဆိုင်ရာ အဖွဲ့အစည်းများရဲ့ အကောင်အထည်ဖော်ဆောင်ရွက်မှုတို့ဟာလည်း ကိုက်ညီဖို့ လိုပါတယ်။ ပြည်နယ်အဆင့်ရှိ အစိုးရ တာဝန်ရှိသူများကို အပ်နှင်းထားတဲ့ လုပ်ပိုင်ခွင့်များတွင် အပြုသဘောဆောင်တဲ့ ပြောင်းလဲမှု ရှိအောင် လုပ်ဆောင်ရမယ့် တာဝန်နဲ့ စွမ်းရည်များအတွက် အင်အားတစ်ခု  အဖြစ် အပ်နှင်းလိုက်ခြင်းပဲ ဖြစ်ပါတယ်။

ကျွန်တော်တို့ရဲ့ လုပ်ငန်းပြီးဆုံးခြင်းနဲ့ အတူ ကော်မရှင်ရဲ့ ရခိုင်ပြည်နယ်သို့ ခရီးစဉ်အတွင်း ကျွန်တော်တို့ အပေါ် ယုံကြည်ပြီး တွေ့ဆုံဆွေးနွေးခဲ့တဲ့ ရခိုင်ပြည်နယ်မှ ပြည်သူများကို ကျေးဇူးတင်ကြောင်း ပြောလိုပါတယ်။ ပထမဆုံး အဆင့်အနေနဲ့ဆိုရင် ဒီအစီရင်ခံစာဟာ ရခိုင်ပြည်သူတို့အတွက် အစီရင်ခံစာပဲ ဖြစ်ပါတယ်။

ကျွန်တော်အနေနဲ့ ကော်မရှင်အဖွဲ့ဝင်များမှ လုပ်ငန်းတာဝန်များကို တာဝန်သိစွာဖြင့် အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ခဲ့မှုများ အပေါ် အသိအမှတ် ပြုလိုပါတယ်။ ကော်မရှင်အဖွဲ့ဝင်များရဲ့ လုပ်ငန်းတာဝန်အများစုဟာ ရခိုင်ပြည်နယ်အတွင်း သက်ဆိုင်သူများနဲ့ တွေ့ဆုံမှုများ ပြုလုပ်ခြင်း အပါအဝင် မြေပြင်တွင် ဖြစ်ပေါ်နေသည့် အခြေအနေများကို ကိုယ်တိုင်ကိုယ်ကျ သွားရောက် လေ့လာပြီး နားလည်အောင် ဆောင်ရွက်ခြင်းများ ဖြစ်ပါတယ်။

ကော်မရှင် အဖွဲ့ဝင်များဟာ သူတို့ရဲ့ကြိုးပမ်းအားထုတ်မှုများကို ပြသခဲ့ပါပြီ။ ကျွန်တော်တို့အားလုံးဟာ ရခိုင်ပြည်နယ်က ပြည်သူများရဲ့အကျိုးကို ရှေးရှုတဲ့ ရည်ရွယ်ချက်တစ်ခုတည်းကိုသာ စိတ်ထဲထားပြီး ပွင့်လင်းပြီး လွတ်လပ်စွာ ဆွေးနွေးငြင်းခုံနိုင်တဲ့ စိတ်ဓာတ်နဲ့ အတူတကွ လုပ်ဆောင်ခဲ့ကြပါတယ်။

ကျွန်တော်အနေနဲ့ ကော်မရှင်ကို ဦးဆောင်ဖွဲ့စည်းပေးခဲ့တဲ့ နိုင်ငံတော် အတိုင်ပင်ခံ ပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ ဦးဆောင်မှုနဲ့ လိုအပ်တဲ့ အချိန်တိုင်း တွေ့ဆုံဆွေးနွေးခွင့် ပေးခဲ့တဲ့အတွက် အထူးပင် ကျေးဇူးတင် ကျေနပ်ရပါကြောင်း ပြောလိုပါတယ်။

ကျွန်တော် မြန်မာနိုင်ငံသို့ လာရောက်သည့် ခရီးစဉ်တိုင်းတွင် သမ္မတကြီး ဦးထင်ကျော်မှ ခင်မင်ရင်းနှီးစွာဖြင့် တွေ့ဆုံ၍ ကော်မရှင်အတွက် တန်ဖိုးရှိသော အကြံဉာဏ်များ ပေးခဲ့ပါတယ်။ ထိုတန်ဖိုးရှိသော အကြံဉာဏ်များ အတွက် သမ္မတကြီးအား အထူးပင် ကျေးဇူးတင်ရှိပါတယ်။

တပ်မတော်နှင့် အခြားလုံခြုံရေး တပ်ဖွဲ့များသည် ရခိုင်ပြည်နယ်အတွက် ကောင်းမွန်သော အနာဂတ်ကို တည်ဆောက်ရာတွင် အရေးကြီးသည့် အခန်း ကဏ္ဍမှ ပါဝင်သည်မှာ ထင်ရှားပါသည်။

ထို့အတွက်ကြောင့် ကော်မရှင်အနေနဲ့ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် တပ်မတော်မှ အခြားသော အရာရှိကြီးများနှင့် အကြိမ်ကြိမ် တွေ့ဆုံ ဆွေးနွေးတိုင်ပင်မှု ပြုလုပ်နိုင်ခဲ့မှုအပေါ် ကျေနပ်မိပါတယ်။

ရခိုင်ပြည်နယ်ဟာ ရှုပ်ထွေးတဲ့ နိုင်ငံရေး၊ စီးပွားရေးနဲ့ လူမှုရေး စိန်ခေါ်မှုများကို ကြုံတွေ့နေရပြီး ထိုစိန်ခေါ်မှုများကို ပြည်ထောင်စု အဆင့်၊ ပြည်နယ်အဆင့်နဲ့ ဒေသအဆင့်က အရပ်ဘက်နဲ့ စစ်ဘက် တာဝန်ရှိသူများရဲ့ ရေရှည် ပူးပေါင်းကြိုးပမ်းမှုဖြင့်သာ ကျော်လွှားနိုင်မှာ ဖြစ်ပါတယ်။

သို့သော်လည်းပဲ ကျွန်တော်တို့ရဲ့အစီရင်ခံစာထဲ အကြံပြုထားတဲ့ ပြောင်းလဲရေး လမ်းစဉ်မှာ ရခိုင်ပြည်သူများအားလုံးရဲ့ပူးပေါင်းပါဝင်မှုဟာ မရှိမဖြစ် လိုအပ်ပါတယ်။

ရေရှည်တိုးတက်ရေး၏ အခြေခံအုတ်မြစ်ဖြစ်တဲ့ ရခိုင်ပြည်နယ်ရှိ လူ့အဖွဲ့အစည်းအားလုံး အကြား ယုံကြည်မှု တည်ဆောက်ရာမှာ အားလုံးပါဝင်တဲ့ တွေ့ဆုံဆွေးနွေးမှုက တဆင့် အပြောင်းအလဲ ရှိဖို့ လိုအပ်ကြောင်းကို သူတို့အနေနဲ့ လက်ခံယုံကြည်မှု ရှိရပါမယ်။

နိုင်ငံတကာ အသိုင်းအဝိုင်း အနေနဲ့လည်း ရခိုင်ပြည်နယ် ကိစ္စ ရှေ့ဆက်လှမ်းနိုင်ရေးအတွက် လိုအပ်တဲ့ နိုင်ငံတွင်း ကြိုးပမ်း အားထုတ်မှုများကို ခိုင်မာ၊ ရက်ရောပြီး ဘက်မလိုက်တဲ့ အခန်းကဏ္ဍကနေ ဆက်လက်ပါဝင်သင့်ပါတယ်။

နိုင်ငံတကာ အသိုင်းအဝိုင်းနဲ့ အစိုးရအကြား ရခိုင်နဲ့ ဆက်စပ်တဲ့ ကိစ္စရပ်တွေမှာ တင်းမာမှုတွေ ရှိပါတယ်။ သို့သော်လည်း ဆက်လက် မဆောင်ရွက်သည့် အခြေနေတော့ မဖြစ်လာသင့်ပါဘူး။ နှစ်ဦးနှစ်ဖက် ယုံကြည်မှုနဲ့ ပူးပေါင်းဆောင်ရွက်မှုကို ဦးတည်စေတဲ့ ပေါင်းကူးတံတား တည်ဆောက်ဖို့ရာ ဖြစ်နိုင်ပါတယ်။

အချိန်ကုန်ခံလို့ မရပါဘူး။ ရခိုင်ပြည်နယ်ရဲ့ အခြေအနေဟာ ပိုမိုဆိုးဝါးလာဖွယ်ရာ ရှိပါတယ်။

ဒါကြောင့် ကျွန်တော့်ရဲ့ ယုံကြည်မျှော်လင့်ချက်ကတော့ သက်ဆိုင်သူများအားလုံး ကော်မရှင်ရဲ့ အကြံပြုချက်များကို နှောင့်နှေးမှုမရှိဘဲ ဆက်လက်ဆောင်ရွက်ဖို့ ဖြစ်ပါတယ်။

သို့မှသာ ရခိုင်ပြည်နယ်နဲ့ ပြည်သူများအားလုံးအတွက် ငြိမ်းချမ်းမျှတပြီး သာယာဝပြောတဲ့ အနာဂတ် ပေါ်ထွန်းလာရေးကို ဦးတည်နိုင်မှာ ဖြစ်ပါတယ်။

ကျေးဇူးတင်ပါတယ်။